

ဘုမ္မာဝတီစာပေ
မင်းသိခ်
မြေလျှိုး မိုးပျံဂိုဏ်း
မြေလျှိုး မိုးပျံဂိုဏ်း
ဒုတိယအကြိမ်

## အခန်း (၁)
## စနေမောင်မောင် နှင့် ပြန်လည်ဆုံစည်းခြင်း

ကျွန်ုပ်သည် စနေဂိုဏ်း၏ အန္တရာယ်ကို ရှောင်ရင်းတိမ်းရင်းနှင့် ပင် ဆရာကြီး စနေမောင် မောင်နှင့် နှစ်ပေါင်းများ စွာတွဲခဲ့ရပြီး ဖြစ်၏။ နောက် ဆုံးတွင် ကျွန်ုပ်သည် ပင်လယ်သို့သွားကာ မျော တိုင်ခုတ်၍ အ သက် မွေးဝမ်းကျောင်း ပြုနေရပြီ ဖြစ်၏။ ကျွန်ုပ်သည် မျောခုတ်သော ဓား(၁၂)လက် ကို ဝယ်၍ လုပ်သားများ ငှားကာ မျောခုတ်သောအလုပ် ကို ကန်ထရိုက်ယူ၍ လုပ်ခဲ့လေသည် ။ ကျွန်ုပ်ကဲ့သို့ ဓားများ ငှားကာ အောက်လက်ငယ်သားများ ဖြင့် ကန်ထရိုက်ယူ၍ မျောခုတ်သောသူများ ကို ထိုအရပ်ဒေသ၌ “ဓားခေါင်း” ဟူ၍ ခေါ်လေ၏။

ကျွန်ုပ်သည် ဓားခေါင်း ဆိုသော်လည်း အငြိမ်နေသည် မဟုတ်။ ကျွ န်ုပ် ကိုယ်တိုင် ပါဝင်၍ ခုတ်ရလေ၏။ အနေအထိုင်ဆင်းရဲခြင်း၊ အစား အသောက် ဆင်းရဲခြင်း၊ အလုပ်ပင်ပန်းခြင်းတို့ ကြောင့် ကျွန်ုပ်သည် ညှိုးချုံး လျက်ရှိလေ တော့၏။ နောက်ဆုံးတွင် ဓားခေါင်းအလုပ်ကို စွန့် လွှတ်၍ ဆရာကြီး စနေမောင်မောင်အား ရှာမည်ဟု ဆုံးဖြတ်ကာ ရန်ကု န်သို့ တက်လာခဲ့ လေ၏။

ရန်ကုန်သို့ရောက်လျှင် ကျောက်မြောင်း၊ သီတာလမ်းထိပ်ရှိ “အောင် သပြေ” လက်ဖက်ရည် ဆိုင်တွင် ဝင်ကာ လက်ဖက်ရည်သောက် လေ၏ ။ ထိုသို့ လက်ဖက်ရည်သောက်နေစဉ်အတွင်း အခြား စားပွဲခုံသို့

လူအများ ရောက်ရှိ လာပြီးလျှင် စကားစမြည်ပြောကြလေ၏။ ၎င်းတို့ ပြောသော စကားထဲတွင် တစ်ချပ်မှောက်ဖဲကစားခြင်း အကြောင်းပါ၏။

တစ်ယောက်သောသူက . . .

"သူမှောက်ထားတဲ့ ဖဲကို ကျုပ်က ကင်းဖဲအောက်မေ့နေတာ၊ လှန်လိုက်တော့မှ စပိတ်တွေဖြစ် နေတယ်"

ဟု ပြောကာ ရယ်လေ၏။

"ခင်ဗျားက အဲဒီလူကို နှယ်နှယ်ရရ အောက်မေ့လို့ လား၊ စနေ မောင်မောင်ဆိုတာ မကြားဖူးဘူးလား၊ ပျင်းလို့ ကျုပ်တို့ နဲ့ အပျင်းပြေ ဝင်ကစားတာဗျ၊ ဉာဏ်ရည်ဉာဏ်သွေးရော၊ အကင်းပါးပုံရော ကျုပ်တို့ က သူ့ကို ဘယ်မီမလဲဗျာ"

ဟု ပြောကာ စကားကို ကြည့်လျှင် ကျွန်ုပ်သည် ထ၍ ခုန်မတက် ဝမ်းမြောက် ဝမ်းသာ ဖြစ် သွားလေ၏။

ထိုအခါ ကျွန်ုပ်က ထိုလူတို့ အား . . .

"မိတ်ဆွေတို့ ရယ် . . . နှောင့်ယှက်တယ်လို့ မထင်ပါနဲ့ ၊ ခင်ဗျားတို့ စောစောက ပြောတဲ့ စနေ မောင်မောင် ဆိုတဲ့ လူဟာ အခု ဘယ်မှာ နေလဲ"

ဟု မေးလိုက်ရာ တစ်ယောက်သောသူက . . .

"ကျုပ်တို့ နဲ့ အခုပဲ ကစားပြီး ပြန်သွားပြီဗျ . . . ခြောက်နာရီမှာ ကျုပ်တို့ ကစားဝိုင်းပြီးသွား တယ်ဗျာ . . . သူ့အိမ်မှာ ရှိလိမ့်မယ် . . . သူ့အိမ်က ကျောက်မြောင်းဈေးနား ဗလီနားက ခြံဝင်းကျယ် ကြီးနဲ့ ကျွန်းအိမ် မည်းမည်းကြီးဗျာ၊ ရှာရလွယ်ပါတယ်ဗျာ . . ."

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လက်ဖက်ရည်ဖိုးငွေကို ရှင်းပြီးနောက် စနေ မောင်မောင်၏ အိမ်ဘက်သို့ ထွက်လာခဲ့လေ၏။ အချိန်မှာ မှောင်စပျိုး နေပြီ ဖြစ်၏။ ကုလားဗလီမှ နာရီစင်ကြီးကို ကြည့်လိုက်ရာ (၇) နာရီ ထိုးနေပြီ ဖြစ်၏။ ခြံဝသို့ရောက်သောအခါ၌ ခြံဝတွင် စောင့်နေသော ဂေါ်ရခါး လူမျိုး ဒရဝမ်က ကျွန်ုပ်အား အမျိုးမျိုးအဖုံဖုံ စစ်ဆေးလေ၏။ ထို့နောက် ၎င်းက ပင် . . .

"ဒီအချိန်ဟာ ဆရာကြီး ထမင်းစားတဲ့ အချိန်ဗျ . . . သူ ဘယ်သူ့ ကိုမှ တွေ့မှာ မဟုတ်ဘူး ၊ ခင် ဗျား ဒီမှာ စောင့်ရလိမ့်မယ် . . . သူ ထမင်းစားပြီးရင် ဟောဟိုနောက်မှာ ထမင်းစားခန်းဟာ မီးလင်း လာတယ်ဗျာ . . . သူရဲ့ စားပွဲထိုး 'ဂိုဗိရမ်း'က မီးဖွင့် လိုက်ရော . . . အဲဒီအချိန်ကျရင် ခင်ဗျားကို တံခါးဖွင့်ပေး မယ် . . . ခင်ဗျား ဝင်ပြီးတွေ့ပါ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း နောက်ဖေး ထမင်းစားခန်း ဆီသို့ လှမ်း မျှော်ကြည့် ရှုနေရလေ၏။ များ မကြာမီ၌ ထမင်းစားခန်းမှ မီးများ လင်းလာ၏။ ထိုအခါ ကျွန်ုပ်က ဒရဝမ်အား . . .

"ဟော့ . . . ဟိုမှာ မီးလင်း လာပြီ"

ဟု ပြောရာ ဒရဝမ်က တံခါးကို ဖွင့်ပေးလေ၏။ ပြီးလျှင် . . .

"ခင်ဗျား အရင်မသွားနဲ့ ဦး . . . ကျုပ် အရင် သွားပြောမယ်"

ဟု ဆိုကာ ဒရဝမ်သည် အိမ်ကြီးဆီသို့ ပြေးသွားလေ၏။ များ မကြာမီ ၌ ကျွန်ုပ်ထံသို့ ပြန်လာ ပြီးလျှင် . . .

"ခင်ဗျား သွားလို့ ရပြီ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အိမ်ကြီးဆီသို့ သွားရလေ၏။ အိမ်ကြီး၏ တံခါးဝ သို့ရောက် သောအခါ၌ အိမ်ကြီးအတွင်းဘက်သို့ ကြည့်လိုက်

သော အခါ လွှန်စွာခမ်းနားစွာ ပြင်ဆင်ထားသော ဧည့်ခန်းကို တွေ့ရ လေ၏။ လှပ၍ အမွေးရှည်သော ကော်ဇောကြီးခင်းထား၏။ အိမ်နံရံများ တွင် ကျွန်းသား လူရိုင်း များ အသုံးပြုလေ့ရှိသော ဒိုင်းကြီးများ ၊ ဓားကြီးများ ချိတ်ထားလေ၏။ ထို့ပြင် နံ ရံ၌ လည်း လွှန် စွာကြီးမား၍ ခံ့ညားသော တိုင်ကပ်နာရီကြီးတစ်လုံး ချိတ်ထား လေ၏။

နံရံတစ်ခုပေါ်၌ သီပေါမင်းနှင့် စုဖုရားလတ်ပုံ ဆီဆေးပန်းချီကားကို ချိတ်ထားလေ၏။ ထို ပန်းချီကားနှင့် မလှမ်းမကမ်းတွင် တရုတ်စကားပ င်ကို ဆီဆေးဖြင့်ရေးထားသော ပန်းချီကားတစ် ချပ်ကို ချိတ်ဆွဲထား လေ၏။ ထိုပန်းချီ ကားတစ်ချပ်၏ အောက်တွင် “ဘညဏ်”ဟု လက်မှ တ်ရေး ထိုးထားသည် ကို တွေ့ရသဖြင့် ပန်းချီကျော် ဦးဘညဏ်၏ လ က်ရာပန်းချီကို ဈေးကြီးပေး၍ ဝယ်ယူ ချိတ်ဆွဲထားကြောင်း သဘောပေါက်လေ၏။

ကျွန်ုပ်သည် ထိုပန်းချီကားကို ငေးမောကြည့်ရှုနေ၏။ ထို့နောက် သီ ပေါမင်းနှင့် မိဖုရားပုံကို တစ်လှည့် ကြည့်ရှုမိလေ၏။ ထိုသို့ကြည့်ရှုရင်း . . .

“စနေမောင်မောင်ဟာ ဒီဘုရင်နဲ့ ဘုရင်ကတော်ပုံကို ချိတ်ထား တာ အဓိပ္ပာယ်တော့ ရှိရမယ်”

ဟု တွေးမိလေ၏။ ထိုအချိန်၌ မှာ ပင် ကျွန်ုပ်၏ နောက်သို့ မည်သ ည့် အချိန်က ရောက်နေသည် မသိသော စနေမောင်မောင်က . . .

“ဟုတ်ပါတယ် ကိုအောင်ထွန်း အဓိပ္ပာယ်ရှိပါတယ်ဗျာ . . . အဓိပ္ပာ ယ် ရှိလို့ ချိတ်ထားတာ ပေါ့၊ ခင်ဗျားတွေးတာ မမှားပါဘူး၊ ကျုပ်တို့ လူမျိုး ဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ နေခဲ့ကြ တာပဲ၊ ကိုယ့် ဘု ရင်၊ ကိုယ့်သခင်နဲ့ နေခဲ့ကြတာပဲ . . . ကျွန်လူမျိုး မဟုတ်ဘူး ဗျာ သခင်

လူမျိုးဗျ၊ အဲ ဒါကို သတိရအောင် ချိတ်ထားတာဗျို့ ”

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း လှည့်၍ ကြည့်လိုက်ပြီး . . .

“ဟာ . . . ဆရာကြီး”

ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်မိလေ၏။

ထိုအခါ စနေမောင်မောင်က . . .

“ကိုအောင်ထွန်း . . . ခင်ဗျားအတော့်ကို ပိန်သွားတာပဲ . . .၊ ခင်ဗျား ဂိုက်နဲ့ ဟန်ပန်ကိုကြည့် ရတာ မျောခုတ်စားတဲ့ လူနဲ့ တူနေ တယ်၊ မဟု တ်မှ လွဲရော ပင်လယ်ပိုင်းမှာ ဓားခေါင်းလုပ်ပြီး မျော ခုတ် နေတာနဲ့ တူ တယ် . . . ခင်ဗျားရဲ့ ဆံပင်တွေဟာ ဆားငန်ရေလည်း ထိ၊ နေလည်း အ ပူခံရလွန်းလို့ နီ ကြောင်ကြောင်ဖြစ်နေတယ်၊ လက်ကိုကြည့်လိုက်တော့ လည်း ကြမ်းထော်နေတာပဲ . . . အသားအ ရောင်ကလည်း ညစ်မှိုင်းပြီး ဆားပွင့်နေသလိုပဲ”

ဟု ပြော လိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

“မှန်ပါတယ် ဆရာကြီး . . . ကျွန်တော် ပင်လယ်ပိုင်းမှာ ဓားခေါင်း လုပ်ပြီး မျောခုတ်စားနေ ပါတယ်၊ အဲဒါကြောင့် ဆရာကြီးကို ရှာမယ်ဆိုပြီး ရန်ကုန်ကို တက်လာခဲ့တာပါ . . .”

ဟု ပြောလိုက်လျှင် စနေမောင်မောင်က . . .

“ကျုပ်နဲ့ တွေ့ပြီပဲဗျာ . . . ဘာမှ မပူနဲ့ တော့၊ တစ်ခုတော့ရှိတယ်ဗျို့၊ ခရီးရှည်ထွက်ပြီး စွန့်စား ခန်းတော့ လုပ်ရဦးမယ်”

ဟု ပြောလိုက်လျှင် ကျွန်ုပ်က ပြုံးလိုက်မိလေ၏။ ထို့နောက် ကျွန်ုပ် ကပင် . . .

“ဘယ်လို စွန့်စားခန်းလဲ ဆရာကြီး . . . စနေဂိုဏ်းနဲ့ တွေ့ရဦး မှာလား”ဟု ကျွန်ုပ်က မေးမိ လေ၏။


“ဟုတ်ရိုးလားဗျာ . . . စနေဂိုဏ်းထက် ဆယ်ဆဆိုးတယ်ဗျို့ . . . အဲဒီအကြောင်းတော့ အ သေးစိတ်နောက်မှ ပြောမယ်ဗျာ . . . ခင်ဗျားမှာ ကလည်း အဝတ်အစားကအစ ချို့တဲ့ နေပုံရတယ် . . . အဲဒါလေးတွေ ပြည့်စုံ အောင်လုပ်ပေးလိုက်ဦးမယ် . . . အာဟာရ ဖြစ်မှာ လေးတွေ ကျွေးပြီး အရင် ပုံစံအတိုင်း ဖြစ်အောင် လုပ်ပေးရ မယ်ဗျို့”

ဟု ပြော လိုက်လေတော့သတည်း။

*

# အခန်း (၂)
# ပရမား ဒရမ်ဆာလာသို့ ရောက်ကြပြီ





ရှင်ဘုရင် နှင့် မိဖုရား

စနေမောင်မောင်သည် ကျွန်ုပ်အား ညဈေးတန်းသို့ ခေါ်သွားပြီးလျှင် အင်္ကျီများ ၊ လုံချည်များ ၊ ဖိနပ်များ ပြည့်စုံစွာ ဝယ်ပေးလေ၏။ ထို့နောက် အိမ်သို့ ဆရာဝန်ပင့်ပြီးလျှင် ရောဂါရှိမရှိ စစ်ဆေး ခိုင်းပြန်၏။ ဆရာဝန်၏ ပြောပြချက်အရ မည်သည့် ရောဂါမျှမရှိ၊ အားနည်းနေကြောင်း သိရလေ၏။ ထိုအခါ အားဆေးသွင်းခိုင်းလေ၏။ လေးနာရီခန့်သွင်းရသော အားဆေး နှစ်ခါသွင်းပြီးနောက် ကျွန်ုပ်သည် ပကတိ ကျန်းမာ၍ လာ လာလေတော့၏။ “ကိုအောင်ထွန်း . . . နဂိုအတိုင်း တောင့်တောင့်တင်းတင်း ပြန်ဖြစ် သွားပြီဗျ” ဟု စနေမောင်မောင်က ပြောလေ၏။ ကျွန်ုပ် ဤသို့ဖြစ်ပြီး များ မကြာမီ နောက် ဘွန်ဟောင်း ဆိုသည့် တရုတ်ဘိန်းစားတစ်ဦး ရောက် လာလေတော့၏။ ဘွန် ဟောင်းကိုလည်း အဝတ်အစားများ ဝယ်ပေးခြင်း၊ ဆေးကုပေးခြင်းများကို စနေမောင်မောင်က ပြုလုပ်လေ၏။ ကျွန်ုပ်တို့ နှစ်ဦးစလုံး ပကတိ ကျန်းမာလာသောအခါ၌ .

. .

“ကိုယ့်လူတို့ ကို ပြောရဦးမယ် . . . အိန္ဒိယပြည်ရဲ့ မြောက်ဘက် ဟိမဝန္တာတောင်ခြေက တော အုပ်ထဲမှာ ‘မြေလျှိုးမိုးပျံ’ ဆိုတဲ့ လောကီ ဂိုဏ်းတစ်ဂိုဏ်းရဲ့ အဖွဲ့ချုပ်ရှိတယ် . . . အဲဒီအဖွဲ့ရဲ့ အ ကြီးအကဲက ‘ဆူတာဝါဟန’တဲ့ ဆာဒူးရသေ့ကြီးပါပဲ . . . သူရဲ့ မယားပါ သားဒိဗ္ဗန်ဆို တာကတော့ ကျုပ်ရဲ့ တပည့် အင်္ဂါမောင်မောင် ဆိုတဲ့ ကောင်ကိုသတ်မှုနဲ့ မြန်မာပြည်မှာ ကြိုးပေးခံသွားရတယ် . . . ဒီအဖွဲ့မှာ ပညာရပ်တွေကို မှတ်တမ်းတင်ထားတဲ့ ကျမ်းစာအုပ် တစ်အုပ်၊ အဲဒါကို လက်ျာလို့ ခေါ်တယ် . . . သူတို့ အဖွဲ့ပိုင်ရတနာပစ္စည်းတွေ အရပ်ရပ်မှာ ဖွက်ထားတဲ့ ရတနာသိုက်မြေပုံ စာအုပ်တစ်အုပ် အဲဒါ ကို လက်ဝဲလို့ ခေါ်တယ်၊ အဲဒီ ရတနာသိုက် မြေပုံစာအုပ်ရရင် အလွယ်တကူသွားပြီး ရှာရုံပဲ . . . အဲဒီလို ဆိုရင် ကျုပ်တို့ ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူတွေဖြစ်ပြီ . . .

အဲဒါကြောင့် အဲဒီကျမ်းစာအုပ်နှစ်အုပ်ကို မရရအောင်သွား ယူရမှာပဲ . . . ‘မြေလျှိုးမိုးပျံ’အ ဖွဲ့ဝင်တွေဟာ စနေဂိုဏ်းသားတွေထက် တော်တယ် . . . မျက်လှည့်ပညာကအစ မှော်ပညာမျိုးစုံကို တတ်ကျွမ်းကြတယ် . . . သူတို့ အဖွဲ့ထဲကို ရောက်ဖို့ ဆိုတာ တန်ဆောင်မုန်း လမှာ သူတို့လုပ်တဲ့ ပွဲ တော်ရှိတယ်၊ အဲဒီပွဲတော်ကို ရှေးယခင်က တစ်မျိုးခေါ်တယ်၊ အခုအခါ မှာ တော့ ဒိဗ္ဗန်ပွဲတော်’လို့ ခေါ်တယ်၊ အဲဒီအချိန်မှာ ကမ္ဘာအရပ်ရပ်ကို ရောက်နေကြတဲ့ အဖွဲ့ဝင်တွေဟာ အဲဒီနေရာကို လာပြီး စုစည်းကြတယ် . . . အတွင်းစည်းလို့ ခေါ်တဲ့ နေရာကို အဖွဲ့ဝင်တိုင်းဝင်ခွင့်ရတယ် . . . ကျုပ်တို့ က အဲဒီ အချိန်မှာ အဖွဲ့ဝင် ဟန်ဆောင်ပြီး အတွင်းစည်းရောက်တာနဲ့ ရတနာမြေပုံ တစ်ပုံကို ရအောင်ယူဖို့ ပါပဲ။ အတွင်းစည်း ရောက်ဖို့ ကလည်း အစစ်အဆေးတွေ အများကြီး လုပ်ထားတယ် . . . သူတို့ အချင်းချင်းသာသိတဲ့ လျှို့ဝှက်သင်္ကေတ

တွေလည်း အများကြီးပဲ . . . ဒီတစ်ချိုကြိုးစားပြီးရင် ရတနာ ရှာတဲ့ အလုပ်ကို ဒီတစ်သက် မလုပ်တော့ဘူး . . . နားပြီပေါ့ဗျာ” ဟု စနေမောင်မောင်က ရှင်းပြလေ၏။ ထို့နောက် နေ့ကောင်းရက်ကောင်း အချိန်ကောင်းရွေးကာ ရန်ကုန်မြို့မှ နေ၍ အိန္ဒိယပြည်၊ ကာလကတ္တားမြို့ ဟောင်ရာဆိပ်ကမ်းသို့ RAJDIR (ရပ်ရှ်ဒါး) ခေါ် “ရာဇဂြိုဟ်” ဟူသော သင်္ဘောကြီး ဖြင့် စီးနင်းလိုက်ပါခဲ့လေ၏။

သင်္ဘောထွက်ခါစတွင် ဘရစ်(ရှ်)ဟူသော နေရာ၌ သင်္ဘောကပ္ပတိန်က ပထမတန်းစီးခရီး သည် များအား ညှော့ခံစကား ပြောလေ၏။ ထို့ကြောင့် စနေမောင်မောင်သည် ထိုနေရာတွင် ရှိနေလေ၏။ ကျွန်ုပ်နှင့် ဘွန်ဟောင်း မှာ မူ သင်္ဘော၏ ကုန်းပတ်နေရာတွင် လှည့်လည်ကြည့်ရှုနေကြလေ၏။

ကျွန်ုပ်သည် သင်္ဘောစီးရင်း ရေပြင်ကိုကြည့်ရာ မီးပြတိုက်ကိုလွန်သည် နှင့် အစိမ်းရောင် သန်းနေသော ရေပြင်ကြီးကို တွေ့ရလေ၏။ ထိုမှ မိုင် ၁၀၀ ခန့် ခုတ်မောင်းပြီးသောအခါ ပကတိ ကျောက်စိမ်းပြင်ကြီးကဲ့သို့ စိမ်းနေသော ပင်လယ်ပြင်ကို တွေ့ရလေ၏။ ထို့နောက် ကျွန်ုပ်လည်း အိပ်ခန်း ထဲသို့ဝင်၍ အိပ်စက်လေ၏။

နံနက်မိုးလင်း၍ နောက်ထပ် မိုင် ၁၀၀ ကျော်ကို ဖြတ်သန်းသော အခါပကတိပြာနှမ်းသော ပင်လယ်ပြင်ကို တွေ့ရလေ၏။ ထိုရေပြာကို လွန်မြောက်သောအခါ ရေစိမ်းပြင်ကို မိုင် ၁၀၀ ခန့် တွေ့ ရပြန်လေ၏။ ထိုရေစိမ်းကို လွန်သောအခါကျမှ ပကတိရေပြင်ကို တွေ့ရလေ၏။

ရန်ကုန်ဆိပ်ကမ်းမှ ကာလကတ္တားဆိပ်ကမ်းအထိ မိုင်ပေါင်း (၇၅၈ ) မိုင် ဝေးကွာလေ၏။ ပ ကတိရေပြင်ကိုတွေ့ပြီးနောက် ဟု ဂလိမြစ်ဝသို့ရောက်လေ၏။ ထို့နောက်တွင် ကား ကာလကတ္တားမြို့ ဟောင်ရာ ဆိ

ပ်ကမ်းသို့ ရောက် လေတော့၏။ သင်္ဘောပေါ်မှ ဆင်း၍ မြင်းလှည်းငှားပြီး လျှင် အီဒင် ဆေးရုံလမ်း နံပါတ် (၁၈)မြန်မာပိုင် သုံးထပ်အုတ်ဇရပ်ကြီးဆီသို့ သွားရောက်ခဲ့လေ၏။ ထိုနေရာသို့ မြင်းလှည်းငှားသောအခါ၌ မြင်းလှည်း သမားအား "ပရမား ဒရမ် ဆာလာ" ဟု ပြောလေ၏။ ထိုသို့ ပြောလိုက်လျှင် မြင်းလှည်းသမားသည် ထိုဇရပ်ကြီးသို့အရောက် ပို့ပေးလေ၏။ ထိုဇရပ်ကြီးကို မြန်မာဘုန်းတော်ကြီး တစ်ပါး အုပ်ချုပ်လေ၏။ မြန်မာပြည်မှ သွားသော ဘုရားဖူးများ နှင့် ကုန်သည် များ သည် ထိုဇရပ်ကြီးတွင် ပင် တည်းခိုကြရ လေ၏။

ထိုဇရပ်သို့ ရောက်သောအခါ၌ စနေမောင်မောင်က ကျွန်ုပ်နှင့် ဘွန်ဟောင်းအား . . .

"ကိုယ့်လူတို့ မှတ်မိဦးမှာ ပေါ့ . . . စနေဂိုဏ်းကစာအုပ်ကြီးကို သွားပြီးခိုးကြတုန်းက ဒီဇရပ် ကြီးမှာ တည်းခဲ့တာလေ . . . ဒီကနေ လှမ်းမြင်နေရတဲ့ အုတ်တိုက်နီနီဟာ ကာလကတ္တားရဲ့ ဆေးတ က္ကသိုလ်ပဲ . . . အဲဒီမှာ က ဆေးရုံလည်း တွဲပြီးဖွင့်ထားတယ် . . . ဆေးကျောင်းတက်တဲ့ နောက်ဆုံး နှစ် ကျောင်းသားတွေဟာ လူနာကို လက်တွေ့ဝင်ပြီး ကုသရတယ် . . . မြန်မာပြည်က လာပြီးတက် တဲ့ ဆေးကျောင်းသားတွေလည်း ရှိတယ်"

ဟု ရှင်းပြလေ၏။ ညစာထမင်းစားပြီးသောအခါ၌

"ဒီဇရပ်မှာ ညနေကရောက်လာတဲ့ ဧည့်သည် တစ်ယောက်ဟာ မြေလျှိုးမိုးပျံအဖွဲ့က ဖြစ်တယ် . . . ကျုပ်တို့ ကို ဘယ်သူတွေဆိုတာ ရိပ်မိ ရင်၊ ရန်မူချင်ရင်လည်း မူမယ် . . . သူတို့ အဖွဲ့ဝင် တွေဆီ ကို သတင်းပေးချင်လည်း ပေးမယ် . . . နည်းနည်းတော့ သတိထားပြီးနေကြ . . ."

ဟု မှာ ကြားလေ၏။ ထိုသို့မှာ ကြားပြီးနောက် စနေမောင်မောင် သ

ည် ကျွန်ုပ် တို့ နှစ်ဦးအား လက်ဖက်ရည် ဖျော်ခိုင်းပြီးနောက် လက်ဖက်ရည်သောက်ရင်း တစ်ထောင့်တစ်ညပြောရသည် ဆို သော ပသီပုံပြင်ကို စိတ်ရှည်လက်ရှည် ပြောပြနေလေတော့သတည်း။

*